ပုံစံ(၁၁)

ခုံသမာဓိကောင်စီ

ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

ခုံအဖွဲ့

၂၀၁၈ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၆၂/၂၀၁၈)

| | |
|---|---|
| ဦးကျော်သက်ဦး<br>အခြေခံအလုပ်သမားအဖွဲ့အစည်း<br>AAA ဘိလပ်မြေစက်ရုံ၊ ကျောက်ဆည်မြို့နယ်၊<br>မန္တလေးတိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးရှင်ချောက် (ပိုင်ရှင်)၊<br>ဦးညီဝင်း(ရုံးအဖွဲ့မှူး၊ အလုပ်ရှင်၏<br>အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)<br>AAA ဘိလပ်မြေစက်ရုံ၊ ကျောက်ဆည်မြို့နယ်၊<br>မန္တလေးတိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်

ဆုံးဖြတ်ချက်

၁။ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်ရှိ ဦးရှင်ချောက် (အလုပ်ရှင်)၊ ဦးညီဝင်း (ရုံးအဖွဲ့မှူး၊ အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)၊ AAA ဘိလပ်မြေစက်ရုံနှင့် အလုပ်သမား ဦးကျော်သက်ဦး (အခြေခံအလုပ်သမားအဖွဲ့အစည်း) တို့ အကြားဖြစ်ပွားသော အငြင်းပွားမှုကို ကျောက်ဆည်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ထိုအငြင်းပွားမှုကို အငြင်းပွားမှု

အမှတ် (၁/၂၀၁၈) အရ ကြားနာစစ်ဆေးပြီး ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ AAA ဘိလပ်မြေစက်ရုံ၊ အခြေခံအလုပ်သမားအဖွဲ့အစည်းမှ တောင်းဆိုခြင်းခံရသူ ဦးရွှင်ချောက် (အလုပ်ရှင်) ထံတွင် စက်ရုံဝန်ထမ်း (၁၀၀) ကျော်အား လုပ်အားဆုချီးမြှင့်ငွေ (အပိုဆုကြေး) ချန်လှပ်ခြင်းခံရသဖြင့် ရရှိလိုကြောင်း တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၃။ ထိုတောင်းဆိုချက်အပေါ်တွင် မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုသူ AAA ဘိလပ်မြေစက်ရုံ၊ အခြေခံအလုပ်သမားအဖွဲ့အစည်းမှ အောက်ပါကောက်ချက်အမှတ်(၁)ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ ပြင်ဆင်မှုလျှောက်ထားခြင်းဖြစ်သည်-

| | |
|---|---|
| **ကောက်ချက်အမှတ်(၁)။** | AAA ဘိလပ်မြေစက်ရုံ၊ အခြေခံအလုပ်သမားအဖွဲ့အစည်း၏ စက်ရုံဝန်ထမ်း (၁၀၀) ကျော်အား လုပ်အားဆုချီးမြှင့်ငွေ (အပိုဆုကြေး) ချန်လှပ်ခြင်းခံရသဖြင့် ရရှိလိုကြောင်း တောင်းဆိုခြင်း။ |
| **ဆုံးဖြတ်ချက်အမှတ်(၁)။** | ချီးမြှင့်ငွေ(အပိုဆုကြေး)ပေးအပ်ရာတွင် ကျန်ရှိသောဝန်ထမ်းအားလုံး ရရှိခံစားရန် တောင်းဆိုခြင်းအား ပလပ်လိုက်သည်။ |

၄။ မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၁/၂၀၁၈) ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်သမားဘက်မှ ခုံသမာဓိကောင်စီသို့ ပြင်ဆင်မှုလျှောက်ထားလာသဖြင့် အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၁၈)၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၅)ရက်၊ ရက်စွဲဖြင့် ခုံသမာဓိကောင်စီ အငြင်းပွားမှုအမှတ် (၆၂/၂၀၁၈) အား ကြားနာစစ်ဆေးမည့် ဝန်ကြီးဌာနကိုယ်စားလှယ် ဦးသောင်းစိန်၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးထွန်းအောင်၊ အလုပ်သမားကိုယ်စားလှယ် ဦးတင်ထွန်းတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုတွဲကိုလက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့တို့မှ လွှဲပြောင်းပေးပို့တင်ပြလာသည့် မှတ်တမ်းများ၊ စာရွက်စာတမ်းအထောက်အထားများ၊ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ 'တောင်းဆိုလွှာ၊ ချေပလွှာ

များ၊ နှစ်ဖက်ထွက်ဆိုချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး စီရင်ဆုံးဖြတ်လိုက်သည်-

**ကောက်ချက်အမှတ်(၁)။** AAA ဘိလပ်မြေစက်ရုံ၊ အခြေခံအလုပ်သမားအဖွဲ့အစည်း၏ စက်ရုံဝန်ထမ်း (၁၀၀) ကျော်အား လုပ်အားဆုချီးမြှင့်ငွေ(အပိုဆုကြေး) ချန်လှပ်ခြင်းခံရသဖြင့် ရရှိလိုကြောင်း တောင်းဆိုခြင်းအပေါ် အလုပ်ရှင်မှ ပေးရန် သင့်/မသင့်။

<u>စစ်ဆေးချက်</u>

၆။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် ၁၂-၁၀-၂၀၁၈ ရက်နေ့တွင် အလုပ်ရှင် အလုပ်သမား နှစ်ဦးနှစ်ဖက်တို့ကို ခေါ်ယူတွေ့ဆုံခဲ့ပြီး အလုပ်ရှင်၏ကိုယ်စား ဦးညီဝင်း(ရုံးအဖွဲ့မှူး)နှင့် အလုပ်သမားများ၏ကိုယ်စား ဦးမျိုးမင်းမင်း၊ ဒေါ်ယုသီဂီဝင်း (ကိုယ်စားလှယ်လွှဲခြင်းခံရသူများ) နှင့် AAA ဘိလပ်မြေစက်ရုံ၊ အခြေခံအလုပ်သမားအဖွဲ့အစည်းဝင် ဦးကျော်သက်ဦး၊ ဦးချစ်ဦးနိုင်၊ ဦးမျိုးဇော်ထွန်းတို့ လာရောက်၍ တင်ပြစစ်ဆေးခံခဲ့ကြပါသည်။ စက်ရုံလုပ်သားစုစုပေါင်း (၆၀၀) ကျော်ရှိသည့်အနက် မိမိတို့ အလုပ်သမား (၁၃၂)ဦးတို့သည် အနည်းဆုံးအခကြေးငွေဆိုင်ရာဥပဒေ ပြဋ္ဌာန်းပြီးနောက် မိမိတို့လစာများကို ကျပ် ၄၈၀၀ ခံစားခွင့်ပြုခဲ့သော်လည်း အခြားရရန်ရှိသည့် ဆုကြေးငွေများကို ဌာနအသီးသီးသို့ တင်ပြတိုင်တန်းသည်ဟုဆိုကာ (၃)လတစ်ကြိမ် ချီးမြှင့်သည့် အပိုဆုကြေးငွေများကို (၁၄) ကြိမ်မြောက်တွင် ခံစားခွင့်မပြုခဲ့သည့်အတွက် ကျေနပ်မှုမရှိသဖြင့် ယခုကဲ့သို့ ခုံသမာဓိကောင်စီသို့ အဆင့်ဆင့်တင်ပြတောင်းဆိုရခြင်းဖြစ်ပါသည်။ မိမိတို့အနေဖြင့် ယခုကဲ့သို့ အခြေအနေသည် ခွဲခြားဆက်ဆံသည့်သဘောသက်ရောက်နေပြီး တိုင်ကြားစာတွင် ပါဝင်ခဲ့သည့်သူများ၏ ဇနီးသော်လည်းကောင်း၊ လင်ယောကျ်ားသော်လည်းကောင်း၊ သား/သမီး သော်လည်းကောင်း ဆက်စပ်ပါဝင်သူများကိုပါ လက်မှတ်ရေးထိုးတိုင်ကြားမှု မရှိသော်လည်း အပြစ်ဟု သတ်မှတ်၍ (အလုပ်ရှင်မှ ဆုကြေးများပေးချေမှုမပြုခဲ့ခြင်းသည်) နစ်နာစေသည့်လုပ်ရပ် ဖြစ်သည်သာမက လုပ်ငန်းခွင်အတွင်း အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့ကြသော မိမိတို့အား စိတ်ဓာတ်ကျဆင်းစေပြီး (ခွဲခြားဆက်ဆံမှုရှိသည်ဟု ခံစားရကြောင်းကို) ရှင်းလင်းထွက်ဆိုခဲ့ပါ သည်။ မိမိတို့အနေဖြင့် အလုပ်ရှင်မှ ချိုးဖောက်မှုများရှိပါက နောက်ထပ်တိုင်ကြားခြင်းမရှိအောင် ဆောင်ရွက်သည့်လုပ်ရပ်သဖွယ် ခံစားမိပါသဖြင့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ခုံသမာဓိအဖွဲ့ စသည့် တာဝန်ရှိပုဂ္ဂိုလ်များထံသို့ တင်ပြခဲ့သော်လည်း ဆုံးဖြတ်ချက်များမှာ တိကျပြတ်သားမှုမရှိ၍

ယခုကဲ့သို့ ခုံသမာဓိကောင်စီထံသို့ တင်သွင်းလျှောက်ထားရခြင်းဖြစ်ကြောင်းကို ရှင်းလင်းခဲ့ကြပါသည်။

၇။ အလုပ်ရှင်၏ကိုယ်စား လာရောက်သည့် ဦးညိုဝင်း (ရုံးအဖွဲ့မှူး၊ အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)၏ ရှင်းလင်းထွက်ဆိုချက်မှာ အလုပ်ရှင်အနေဖြင့် အစိုးရမှပြဋ္ဌာန်းထားသည့် အနည်းဆုံးအခကြေးငွေဥပဒေပါ ခံစားခွင့် လုပ်ခလစာများကို အလုပ်သမားတိုင်း ခံစားရရှိနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည်ကိုမသိရှိဘဲ ယခုကဲ့သို့ ဌာနအသီးသီးသို့ တိုင်ကြားခဲ့သည်မှာ မိမိတို့၏ စေတနာနှင့်လုပ်ရပ်ကို သေချာရှင်းလင်းစွာ မေးမြန်းသိရှိခြင်းမရှိဘဲ ဆောင်ရွက်သည်ဖြစ်၍ အလုပ်ရှင်မှ ကျေနပ်မှုမရှိသဖြင့် ၎င်းတို့ (၁၃၂)ဦးမှအပကျန်အလုပ်သမားများအား ဆုကြေးကို ခံစားခွင့်ပြုခဲ့ပြီး နိုင်ငံတော်၏ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများကိုလည်း လိုက်နာဆောင်ရွက်လျက်ရှိကြောင်းနှင့် အလုပ်သမားများအနေဖြင့် ယခုကဲ့သို့ တိုင်စာအသီးသီးဖြင့် တင်ပြဆောင်ရွက်ခြင်းသည် မသင့်တော်သည့်လုပ်ရပ်ဖြစ်သည့်အတွက် ၎င်းတို့ကို ဆုကြေးပေးခြင်းမှ ချန်လှပ်ထားခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့ပါသည်။

<u>သုံးသပ်ချက်</u>

၈။ ခုံအဖွဲ့အနေဖြင့် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်တို့၏ တင်ပြလျှောက်ထားမှုကို သက်ဆိုင်ရာရုံးအဆင့်ဆင့်မှ တင်ပြလာသော သက်သေအထောက်အထားစာရွက်စာတမ်းများနှင့် မျက်မှောက်လာရောက်ထွက်ဆိုချက်များကို အခြေပြု၍သုံးသပ်မိသည်မှာ အလုပ်ရှင်အနေဖြင့်သော်လည်းကောင်း၊ စက်ရုံတာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့်သော်လည်းကောင်း၊ အနည်းဆုံးအခကြေးငွေဥပဒေပြဋ္ဌာန်းခဲ့ခြင်းကြောင့် ယခင်ရရှိနေသော နေ့တွက် ၃၆၀၀/- မှ ၄၈၀၀/-သို့ ဥပဒေနှင့်အညီ တိုးမြှင့်ခံစားစေရန် ဆောင်ရွက်ချက်များကို သိသာမြင်သာရှိစေရန် မလွှဲမသွေဆောင်ရွက်သင့်ခဲ့ပြီး တိုင်ကြားသူအလုပ်သမားများမှ ထိုဆောင်ရွက်ချက်များကို စောစီးစွာသိရှိခဲ့လျှင် ယခုကဲ့သို့ တိုင်စာများတက်ရောက်၍ အငြင်းပွားမှုဖြစ်ပွားသည့် အခြေအနေသို့ ရောက်ရန်မရှိဟု သုံးသပ်ပါသည်။ ထို့ပြင် တိုင်ကြားသူအလုပ်သမားများမှတင်ပြခဲ့သည့် မိမိတို့ တိုင်ကြားချက်တွင် ပါဝင်သူများ၏ ဇနီး/မယား၊ လင်/ယောကျ်ား/ တူ/သား/သမီး စသည့်တို့ကို ဆက်နွယ်၍ အပြစ်အဖြစ် သတ်မှတ်၍ ဆုကြေးခံစားခွင့်မပြုခဲ့ခြင်းသည် ကျူးလွန်မှုမရှိသော အပြစ်မဲ့လုပ်သားတို့ကို ထိခိုက်နစ်နာစေပြီး တရားမျှတမှုမရှိ၍ ထိုအလုပ်သမားတို့၏ ရပိုင်ခွင့်ရှိသောဆုကြေးတို့ကို ပြန်လည်စိစစ်၍ အလုပ်ရှင်မှ ခံစားခွင့်ပြုသင့်ကြောင်းနှင့် စက်ရုံ၏ စည်းလုံးရေးနှင့် လုပ်ငန်းခွင်

ဆက်ဆံရေးအောင်မြင်မှုတို့ကို ရှေးရှုသည့်ဆောင်ရွက်ချက်တစ်ရပ်ဖြစ်၍ အမြန်ဆုံးဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်ပါသည်။ ထို့ပြင် ယခု (၁၄)ကြိမ်မြောက် ဆုကြေးပေးသည့်ကိစ္စရပ်သည် အလုပ်ရှင်များ၏ စီမံခန့်ခွဲမှု သဘောဆန္ဒအရသာဖြစ်၍ အလုပ်သမားအားလုံး တစ်ပြေးညီ ခံစားခွင့်ပြုရန်ကိစ္စမှာ အလုပ်ရှင်၏သဘောဆန္ဒအတိုင်းဖြစ်၍ ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ပိုင်ခွင့် မဟုတ်မှု၍ ဆုံးဖြတ်ခြင်းမပြုကြောင်း အတိအလင်းသုံးသပ်ပါသည်။ သို့ရာတွင် လတ်တလော စားဝတ်နေရေးနှင့် ကုန်ဈေးနှုန်း ကြီးမြင့်သည့်ဒဏ်ကို ခံစားနေရသည့် အခြေအနေဖြစ်သဖြင့် အလုပ်ရှင်သည် မိဘတစ်ဦးသဖွယ်ဖြစ်ပြီး စက်ရုံလုပ်သားထု၏ ဦးစီးရှေ့ဆောင်ဖြစ်သည်နှင့် လျော်ညီစွာ (၁၅) ကြိမ်မြောက်ဆုကြေးပေးသည့် ကိစ္စရပ်များတွင် စည်းလုံးညီညွတ်ရေးနှင့် ရင့်ကျက်သည့်စိတ်ထားကို ကျင့်သုံးပြီး ယခုအငြင်းပွားမှုဖြစ်ပွားသည့် လုပ်သားများကိုလည်း ချန်လှပ်ခြင်းမပြုဘဲ ခံစားခွင့်ပြုခြင်းဖြင့် လုပ်သားများ၏ စိတ်ဓာတ်ခွန်အားကို တိုးမြင့်စေပြီး ကုန်ထုတ်လုပ်မှုမြင့်မားစေကာ မလိုလားအပ်သော အငြင်းပွားမှုများကိုလည်း ဟန့်တားပပျောက်စေမည်ဖြစ်ကြောင်း သုံးသပ်အကြံပြုအပ်ပါသည်။

၉။ မိမိတို့ ခုံအဖွဲ့သည် ယခင်အငြင်းပွားမှုများနှင့် အလားတူညီသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၄ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ်-၂၂၄၊ ၁၂-၁-၂၀၁၅ ရက်စွဲပါအမိန့်၊ Gallant Ocean အအေးခန်းစက်ရုံ ပိုင်ရှင် ဒေါ်ဝင်းဝင်းခိုင်နှင့် ဒေါ်မာမာခင်ပါ အလုပ်သမား (၅၁)ဦးတို့၏ အမှုခေါ်စာချွန်တော်အမိန့်ပါ ဆုကြေးဆုံးဖြတ်ပိုင်ခွင့်သည် မိမိတို့ ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ပိုင်ခွင့်မဟုတ်၍ ဆုံးဖြတ်ချက်တစ်စုံတစ်ရာမပြုနိုင်သည်ဖြစ်၍ ဥပဒေနှင့်အညီ မိမိတို့ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် လိုက်နာရမည်ဖြစ်ကြောင်း သုံးသပ်လျက် အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

**ဆုံးဖြတ်ချက်အမှတ်(၁)။** ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ ၂၀၁၄ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် - ၂၂၄ ၏ ထုံးပုံကျအမိန့်အရ မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် အငြင်းပွားမှုအမှတ် (၁/၂၀၁၈) ဖြင့် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်ကို အတည်ပြုကြောင်း ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည်အထက်တွင် ဖော်ပြထားသောနေ့ရက်မှစ၍ အာဏာတည်စေရမည်။

ဦးထွန်းအောင်
အဖွဲ့ဝင်

ဦးသောင်းစိန်
ဥက္ကဋ္ဌ

ဦးတင်ထွန်း
အဖွဲ့ဝင်